တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ (၂၈-၁၀-၂၀၂၆)
အစည်းအဝေးမှတ်တမ်း အကျဉ်းချုပ်

စဉ်	မေးခွန်း၊ အဆိုနှင့် ဥပဒေကြမ်း	အဖြေနှင့် ဆုံးဖြတ်ချက်
၁	**ဦးဗိုးဆန်း၊ လေရှိုး မဲဆန္ဒနယ်**က လေရှိုး-ပန်ဆပ်-ဆွမ္မရာလမ်းအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ဆောက်လုပ်ရေးဝန်ကြီးဌာန**က လမ်းအဆင့်မြှင့်တင်ရန် ၂၀၂၇-၂၀၂၈ မှ ၂၀၃၁-၂၀၃၂ ဘဏ္ဍာနှစ်အထိ (၅)နှစ် စီမံချက်ရေးဆွဲထားပြီး နှစ်စဉ် ရန်ပုံငွေလျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၂	**ဦးရဲထွဋ်အောင်၊ မင်းလှ မဲဆန္ဒနယ်**က မင်းလှမြို့နယ်၊ သဲကောရွာမှ ထန်းပင်ကုန်းတံတားအထိ ပျက်စီးနေသောလမ်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ဆောက်လုပ်ရေးဝန်ကြီးဌာန**က ယခုဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်း ၁ ဖာလုံနှင့် ကတ္တရာရေပိတ်လွှာလောင်းခြင်း ၂ ဖာလုံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၃	**ဦးကျော်ကျော်အောင်၊ ဝိုင်းမော် မဲဆန္ဒနယ်**က ဗလမင်းထင်တံတား အဆင်းမှ ဝိုင်းမော်မြို့နယ် နောင်တာလောရွာအထိ လမ်းအား နိုင်လွန်ကတ္တရာ သို့မဟုတ် ကတ္တရာထပ်ပိုးလွှာခင်းပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ဆောက်လုပ်ရေးဝန်ကြီးဌာန**က ယခုဘဏ္ဍာနှစ်တွင် ကတ္တရာကွန်ကရစ် ခင်းခြင်း ၃ ဖာလုံနှင့် ကျန်လမ်းပိုင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၄	**ဦးအောင်မြင့်သန်း၊ ကျောက်ဆည် မဲဆန္ဒနယ်**က ကျောက်ဆည်မြို့နှင့် ဆက်သွယ်သောလမ်း ရွှေဒါး-သပြေဝန်းလမ်းပိုင်းအား မည်သည့် ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ဆောက်လုပ်ရေးဝန်ကြီးဌာန**က ကျောက်ခင်းလမ်း၇ ဖာလုံအား ကတ္တရာခင်းခြင်းနှင့် ပျက်စီးနေသည့် ကျောက်လမ်းပြုပြင်ခြင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။
၅	**ဦးစိုင်းထွန်းလင်း၊ မိုးနဲ မဲဆန္ဒနယ်**က ကျိုင်းတောင်း-ဆိုင်းခေါင်လမ်း ပိုင်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် မည်သည့် ဘဏ္ဍာနှစ်တွင် စတင်မည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ဆောက်လုပ်ရေးဝန်ကြီးဌာန**က မြေသားတာပေါင်ချုံခြင်း၊ တံတား/ ရေပြွန် တည်ဆောက်ခြင်းနှင့် ကတ္တရာလမ်းအဆင့်တိုးမြှင့်ခြင်းအား ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစ၍ နှစ်အလိုက်ရန်ပုံငွေ လျာထားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်း၊ အဆိုနှင့် ဥပဒေကြမ်း	အဖြေနှင့် ဆုံးဖြတ်ချက်
၆	**ဦးဝင်းဇော်၊ ပင်းတယ မဲဆန္ဒနယ်**က ပင်းတယမြို့၊ မြို့ရှောင်လမ်းကို မည်သည့် ဘဏ္ဍာနှစ်တွင် ဖောက်လုပ်ပေးမည်ကိုသိရှိလိုခြင်း မေးမြန်းပါသည်။	**ဆောက်လုပ်ရေးဝန်ကြီးဌာန**က လမ်းအူကြောင်း ဒီဇိုင်းတိုင်းတာ ပုံထုတ်ခြင်း၊ စီမံကိန်းတန်ဖိုးတွက်ချက်ခြင်းနှင့် မြေယာလျော်ကြေးကိစ္စများ ဆောင်ရွက်ပြီးပါက ဖောက်လုပ်နိုင်ရေး စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၇	**ဦးငွေးရဲ့ဆေ၊ မချမ်းဘော မဲဆန္ဒနယ်**က မချမ်းဘောမြို့တွင်း လမ်းပိုင်းအား မည်သည့်ဘဏ္ဍာနှစ်တွင် တိုးချဲ့ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ဆောက်လုပ်ရေးဝန်ကြီးဌာန**က လမ်းခင်းပစ္စည်းများ သယ်ယူရရှိနိုင်မည့် အချိန်တွင် သင့်လျော်သည့် ဘဏ္ဍာနှစ်ရန်ပုံငွေတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၈	**ဒေါ်ဥမ္မာဌေး၊ မော်လမြိုင် မဲဆန္ဒနယ်**က မော်လမြိုင်မြို့နှင့် နေပြည်တော်သို့ ဆက်သွယ်သော မီးရထားအား မည်သည့်အချိန်တွင် စတင်ပြေးဆွဲမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ပို့ဆောင်ရေးဝန်ကြီးဌာန**က ခရီးစဉ်စီးနင်းမှုများပြားလာပြီး စီးပွားရေးတွက်ခြေကိုက်မည်ဆိုပါက သံလမ်းများကို စိစစ်ပြီး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၉	**ဒေါ်မော်မော်ခိုင်၊ ဒီးမော့ဆို မဲဆန္ဒနယ်**က သက်တမ်းလွန် မော်တော်ယာဉ်/ဆိုင်ကယ်များအား မှတ်ပုံတင်စာအုပ်၊ မှတ်ပုံတင်သက်သေခံလက်မှတ်များ ပျက်စီး၊ ပျောက်ဆုံးခြင်းများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ပို့ဆောင်ရေးဝန်ကြီးဌာန**က နယ်မြေဒေသ လုံခြုံရေးနှင့် လမ်းအခက်အခဲများကြောင့် မှတ်ပုံမတင်နိုင်သည့် ယာဉ်များအား သတ်မှတ်ထားသည့် အထောက်အထားများ တင်ပြလာပါက အထူးကိစ္စတစ်ရပ်အနေဖြင့် ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြား ပါသည်။
၁၀	**ဒေါ်ဇာခြည်လွင်၊ မိုးညို မဲဆန္ဒနယ်**က မြို့နယ်ပြည်သူ့ ဆေးရုံအတွက် လျှပ်စစ်မာတ်အားပေး မီးစက်ပံ့ပိုးရန် မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ကျန်းမာရေးဝန်ကြီးဌာန**က လိုအပ်သည့် 25 KVA generator (၁)လုံးအား ၇-၁၀-၂၀၂၆ ရက်နေ့တွင် ထောက်ပံ့ပေးပြီးဖြစ်ကြောင်း ဖြေကြားပါသည်။
၁၁	**ဒေါက်တာထိန်ဝင်း၊ ကျောင်းကုန်း မဲဆန္ဒနယ်**က ဒေါင့်ကြီး တိုက်နယ် ဆေးရုံအား ပြန်လည်တည်ဆောက်ပေးရန်နှင့် ကျန်းမာရေးဝန်ထမ်း အိမ်ရာ အသစ် တည်ဆောက်ပေးရန် မည်သည့် ဘဏ္ဍာနှစ်တွင် ဆောက်ရွက်ပေမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ကျန်းမာရေးဝန်ကြီးဌာန**က ဆေးရုံအဆောက်အဦ ပြင်ဆင်ခြင်းနှင့် ဝန်ထမ်းအိမ်ရာများ၏ ကျန်ရှိလုပ်ငန်းများအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်း၊ အဆိုနှင့် ဥပဒေကြမ်း	အဖြေနှင့် ဆုံးဖြတ်ချက်
၁၂	**ဦးအောင်နိုင်၊ ဝေါ မဲဆန္ဒနယ်**က ဝေါမြို့နယ်၊ ပြည်သူ့ဆေးရုံတွင် လက်ထောက်ဆရာဝန် (အထူးကု) တစ်ဦးကို မည်သည့်အချိန်တွင် တာဝန်ချထားပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ကျန်းမာရေးဝန်ကြီးဌာန**က (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံဖြစ်၍ အထူးကု ဆရာဝန်များခန့်ထားရန် ဖွဲ့စည်းပုံမရှိသေးပါကြောင်းနှင့် မြို့နယ်ကုသရေး ဦးစီးမှူးနှင့်အဖွဲ့မှ ကျန်းမာရေး စောင့်ရှောက်ပေးလျက်ရှိကြောင်း ဖြေကြားပါသည်။
၁၃	**ဦးစိုင်းအောင်ခမ်း၊ မိုင်းယောင်း မဲဆန္ဒနယ်**က မိုင်းယောင်းမြို့နယ်၊ နမ့်ဟင်းချောင်း လက်ရိုက်ရေလွှဲဆည်အား ကျောက်စီ ကွန်ကရစ် ရေလွှဲဆည် တည်ဆောက်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ် ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**က ကျောက်စီ ကွန်ကရစ် ရေလွှဲဆည်အဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးရန် သင့်လျော်သည့် ဘဏ္ဍာနှစ်တွင် လျာထားတင်ပြ၍ ဆောက်ရွက်ပေးမည် ဖြစ်ကြောင်း ဖြေကြားပါသည်။
၁၄	**ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ် မဲဆန္ဒနယ်**က မိုင်းခတ်မြို့နယ်၊ မိုင်းနုန်း ကျေးရွာ၊ နမ့်နုန်းချောင်း၊ ခမ်းနွဲ့ရေလွှဲဆည် ချောင်းဘေးကမ်းပါး ပြိုကျပျက်စီးမှုနှင့် ကျန်ရှိသည့် ကျောက်စီရေသွယ်မြောင်းတို့အား မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**က သဲနုန်းတူးဖော်ပေါင်ဆင့်ခြင်း၊ ရေဆိုးထုတ်မြောင်း တည်ဆောက်ခြင်းနှင့် တူးမြောင်းပုံစံကျ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းတို့ကို အနီးစပ်ဆုံးသင့်လျော်သည့် ဘဏ္ဍာနှစ်တွင် တင်ပြတောင်းခံပြီး အပိုင်းလိုက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားပါသည်။
၁၅	**ဦးမောင်ရွှေ၊ လွိုင်ကော် မဲဆန္ဒနယ်**က မိုးဖြဲရေကာတာမှ မှုံပြာကျေးရွာအထိ မြောင်းတစ်လျှောက် ကျောက်စီမြေထိန်းနံရံ ပြုလုပ်ပေးရန်နှင့် ရေမိုင်နာမြောင်းများ ပြုပြင်ပေးရန် အစီအစဉ်ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**က ယခုဘဏ္ဍာနှစ်တွင် အလျား ၂၆၇၅၀ ပေအား မြောင်းပုံစံကျ တူးဖော်ပြုပြင်ခြင်းနှင့် ကွန်ကရစ်လိုင်နင်စီခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။
၁၆	ဒေါက်တာရွှေပြည်စိုး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်က တင်သွင်းသည့် **"စာပေနှင့်ယဉ်ကျေးမှု၊ ရိုးရာထုံးစံများ မပျောက်မပျက်စေရေးအတွက် စာပေ၊ ယဉ်ကျေးမှုဆိုင်ရာ မူဝါဒနှင့် စာပေရေရှည်ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေ/နည်းဥပဒေ(တစ်ခု) ရေးဆွဲပြီး တိတိကျကျ ပြဋ္ဌာန်းသင့်ကြောင်း အဆို"**	ယင်းအဆိုအား လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း ဆောင်ရွက်ပြီး လွှတ်တော်က မှတ်တမ်းတင် စောင့်ကြည့်မည် ဖြစ်ကြောင်း ဆုံးဖြတ်ပါသည်။

စဉ်	မေးခွန်း၊ အဆိုနှင့် ဥပဒေကြမ်း	အဖြေနှင့် ဆုံးဖြတ်ချက်
၁၇	အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်း"**	ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၃၀-၁၀-၂၀၂၆ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါသည်။